# PRESS RELEASE

## Archives in Focus (ဆုံချက်မော်ကွန်း)- ဓာတ်ပုံနှင့် သမိုင်းကြောင်းကို တမူထူးခြားစွာ ဖော်ထုတ်ပြသသွားမည့် ပြပွဲများအကြောင်း ကြေညာခြင်း




© Anonymous / Myanmar Photo Archive

မြန်မာဓာတ်ပုံမော်ကွန်း နှင့် Goethe-Institut မြန်မာမှ ရန်ကုန် နှင့်ချင်းမိုင်မြို့တို့တွင် ကျင်းပမည့် နိုင်ငံတကာဓာတ်ပုံနှင့်အမြင်ဆိုင်ရာ ယဉ်ကျေးမှုအကြောင်း စိတ်ဝင်တစား လေ့လာနေကြသူများဆုံစည်းရာ အစီအစဉ်မှ ဖိတ်ခေါ်အပ်ပါသည်။ *Archives in Focus* (ဆုံချက်မော်ကွန်း)- ပြပွဲတွင် မြန်မာနှင့် နိုင်ငံရပ်ခြားမှ ကျွမ်းကျင် ဓာတ်ပုံဆရာများ နှင့် ဝါသနာရှင်များအတွက် စိတ်ဝင်စားဖွယ် ဇာတ်ကြောင်းများကို သမိုင်းဆိုင်ရာနှင့် ခေတ်ပြိုင်အမြင်များမှ တင်ဆက်ပြသမည်ဖြစ်ပါသည်။ ကိုလိုနီခေတ်မှစ၍ ယနေ့ခေတ်၏ ကိုယ်ပိုင်ဖြစ်တည်မှု အမှတ်သညာများ၊ ယဉ်ကျေးမှုများနှင့် ရွှေ့ပြောင်းနေထိုင်မှု ဖြစ်စဉ်များအကြောင်းကို ကိုလိုနီခေတ် ဓာတ်ပုံများဖြင့်သာမက ခေတ်ပြိုင်အနုပညာများဖြင့်ပါ အဖြေရှာထားသည့် အနုပညာလက်ရာများကို စုံလင်စွာဖြင့် တမူထူးခြားစွာ ပါဝင်ပြသသွားမည်ဖြစ်ပါသည်။

*Archives in Focus* (ဆုံချက်မော်ကွန်း) ပြပွဲသည် အတိတ်ကို စူးစမ်းဖော်ထုတ်ပြီး အနာဂတ်ကို နားလည်နိုင်စေမည့် အစီအစဉ်များဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ စိတ်ဝင်စားဖွယ် အကြောင်းအရာများကို ကျွမ်းကျင်ဓာတ်ပုံဆရာများ နှင့် ဝါသနာရှင်များက ခေတ်အလိုက် မှတ်တမ်းတင်ထားသော လက်ရာများကို မြင်တွေ့ခံစားရမည်ဖြစ်ပါသည်။ ကိုယ်ပိုင်ဖြစ်တည်မှု အမှတ်သညာများ၊ ယဉ်ကျေးမှုများနှင့် ရွှေ့ပြောင်းနေထိုင်မှုဖြစ်စဉ် သမိုင်းဆိုင်ရာအတွေ့အကြုံများကို မည်သို့ ဓာတ်ပုံမှတ်တမ်းတင်ထားပြီး မည်သို့ ပြန်လည်အဓိပ္ပါယ်ဖွင့်ဆိုထားသည်ကို လေ့လာနိုင်မည်ဖြစ်သည်။

လူ့အဖွဲ့အစည်းသည် လူမှုအုပ်ချုပ်မှုပုံစံ၊ စနစ်များအပေါ်တွင် မတူညီသောအမြင်များနှင့် အရှိန်အဟုန်မြင့်တက်လာသည့် သဘောထားကွဲလွဲမှုများကို ရင်ဆိုင်နေရပြီး ကမ္ဘာလုံးဆိုင်ရာ အရေးပါသည့် အလှည့်အပြောင်းဖြစ်မည့် အချိန်တွင် ရောက်ရှိနေပါသည်။ သမိုင်းကို ပြန်လည်အဓိပ္ပါယ်ဖွင့်ဆိုခြင်းဖြင့် ပစ္စုပ္ပန်ကို ရှုမြင်ပုံနှင့် အနာဂတ်၏ကိုယ်စားလှယ်များ ဖြစ်လာနိုင်ပုံကို ပြန်လည်သုံးသပ်သင့်သည့်

**DATE**
4th November 2024

**KONTAKT**
Yamin Oo
Communications Department
Goethe-Institut Myanmar
T +95 1 9376160
Yamin.Oo@goethe.de

**Goethe-Institut Myanmar**
Kabar Aye Pagoda Road, Bahan Township, (Next corner of Nat Mauk Street), Yangon, Myanmar.

T +95 1 9376160
info-yangon@goethe.de
www.goethe.de/myanmar

စိန်ခေါ်မှုအချိန်ကာလလည်းဖြစ်သည်။ သမိုင်းသည်လည်း အနာဂတ်ကဲ့သို့ပင် တစ်ကိုယ်ရည်အားဖြင့် သော်လည်းကောင်း စုဖွဲ့၍သော်လည်းကောင်း ပြန်လည်ဆန်းစစ်ပြီး ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် တံခါးလုပ်တစ်ချပ်ဖြစ်ပင်ဖြစ်သည်။

*Archives in Focus* (ဆုံချက်မော်ကွန်း) ပြပွဲတွင် ပရိတ်သတ်များအနေဖြင့် သမိုင်းဆိုင်ရာ အကြောင်းအရာများကို အနုပညာပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများမှတဆင့် တွေ့ဆုံ ဖလှယ်နိုင်ကြမည်ဖြစ်ပါသည်။ အနုပညာရှင်များ၊ ကျူရေတာများ၊ အနုပညာအစုအဖွဲ့များမှ သမိုင်းဆိုင်ရာ ရှုထောင့်များကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုထားသည်များကိုလည်း စုံစုံလင်လင် လေ့လာကြည့်ရှုနိုင်မှာဖြစ်ပါသည်။

ဆယ်စုနှစ်တစ်ခုစာ မော်ကွန်းတင်ထိန်းသိမ်းခြင်း၊ အသိပညာမျှဝေခြင်းနှင့် အနုပညာပြပွဲကျင်းပခြင်းများသည် ၂၀၁၈ ခုနှစ်မှစ၍ Goethe-Institut မြန်မာနှင့် မြန်မာ့ဓာတ်ပုံမော်ကွန်းတို့ ပူးပေါင်းခြင်း၏ အကျိုးရလဒ်များဖြစ်ပါသည်။ *Archives in Focus* သည် မော်ကွန်းရှိ ဓာတ်ပုံပစ္စည်းများအား လူထုကိုယ်တိုင်ပါဝင်ပြီး မတူကွဲပြားစွာ ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ပြီး မြန်မာ့ဓာတ်ပုံမော်ကွန်းနှင့် Goethe-Institut မြန်မာတို့ကြား (၂)နှစ်တာ ပူးပေါင်းလက်တွဲမှု၏ အဆုံးသတ်အစီအစဉ်ဟူ၍လည်း ဆိုနိုင်ပါသည်။ ပြီးခဲ့သည့် (၂)နှစ်တာအတွင်း လက်တွဲလုပ်ဆောင်ခဲ့သည့် ရလဒ်များအား ပြသခြင်း၊ နိုင်ငံတကာမှ အစီအစဉ်များနှင့် လက်ရာများပါဝင်ပြသခြင်း စသည့် အစီအစဉ်များကို (၃)ပတ်တာ စီစဉ်ကျင်းပသွားမည်ဖြစ်ပါသည်။ ၂၀၂၁ခုနှစ်တွင် အောင်မြင်စွာ ကျင်းပခဲ့သော /Shi ပြပွဲကို မှီငြမ်းပြီး နေရာအစုံတွင် ပြသသွားမည့် *Archives in Focus* (ဆုံချက်မော်ကွန်း) ပြပွဲသည် Goethe-Institut မြန်မာမှ ရန်ပုံငွေများကြောင့် အောင်မြင်စွာ ဖြစ်မြောက်လာခဲ့ပြီး အတိတ်သမိုင်းကို တွေးတောစရာအမြင်သစ်တစ်ခုဖြင့် တင်ဆက်ရန် ရည်ရွယ်ထားပါသည်။

အစီအစဉ်နှစ်ခုကို ချင်းမိုင်မြို့တွင်ကျင်းပပြုလုပ်သွားမှာဖြစ်ပြီး ပထမဆုံးအနေဖြင့် မြန်မာဓာတ်ပုံမူရင်းဇစ်မြစ်များကို ပြသမည့် **အလင်းထိဓာတ်ပုံများ** ပြပွဲကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှ ၂၂ ရက်အထိ Chiang Mai (ချင်းမိုင်) မြို့ရှိ Some Space Gallery တွင် ပြသသွားမည်ဖြစ်ပါသည်။ ဤပွဲတွင် ပရိတ်သတ်များက မြန်မာ့ဓာတ်ပုံမော်ကွန်းမှ ပြုလုပ်ခဲ့သည့်အစီအစဉ်များနှင့် မြန်မာနိုင်ငံ၏ ကြွယ်ဝသော အမွေအနှစ်များကို ဓာတ်ပုံများမှတဆင့် စူးစမ်းလေ့လာနိုင်မည် ဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် အစီအစဉ်၏ ဒုတိယပိုင်းအနေဖြင့် *Greenhouse Community Space* တွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် (စနေနေ့) တွင် ကျင်းပမည့် အစီအစဉ်တစ်ရပ်ရှိပါသည်။ ဤအစီအစဉ်သည် မြန်မာအနုပညာရှင်များအတွက် ပူးပေါင်းဆောင်ရွက်နိုင်၊ အတူတကွဆွေးနွေးနိုင်ပြီး စိတ်ကူးစိတ်သန်းများ ဖလှယ်နိုင်ရန်

အတွက် ရုပ်ဝန်းတစ်ခုဖြစ်လာစေဖို့ ရည်ရွယ်ပါသည်။ ထိုမျှမက အနုပညာရှင်များကြား တစ်ဦးနှင့်တစ်ဦးချိတ်ဆက်ရန်၊ အနုပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်နှင့် လူထုနှင့် အနုပညာရှင်များကြား ချိတ်ဆက်မှု အားကောင်းစေရန် ရည်ရွယ်ပါသည်။

ရန်ကုန်မြို့ရှိ Goethe-Institut မြန်မာသည် *Archives in Focus* အစီအစဉ်၏ တစိတ်တပိုင်းအဖြစ် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၁၅ ရက်အထိ ၎င်း၏နေရာကို ဓာတ်ပုံစာအုပ်များအား ကိုယ်တိုင်ဖတ်ရှုလေ့လာနိုင်မည့် နေရာအဖြစ် တမူထူးခြားစွာ ပြောင်းလဲ ပြသမည်ဖြစ်ပါသည်။ ဇာတ်လမ်းဇာတ်ကြောင်းများကို ချပြ၊ ပြောပြကြသည့်အခါတွင် ဓာတ်ပုံစာအုပ်များသည် အင်မတန်မှ စွမ်းအားကြီးသည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း **စာမျက်နှာများပြပွဲ**မှတဆင့် မြင်တွေ့ခံစားနိုင်ကြမည်ဖြစ်ပါသည်။ မြန်မာ့ဓာတ်ပုံမော်ကွန်းရှိ ဓာတ်ပုံများဖြင့် ထုတ်ဝေခဲ့သည့် စိတ်ဝင်စားဖွယ် ဓာတ်ပုံစာအုပ်များအပြင်၊ မြန်မာနိုင်ငံမှ ဓာတ်ပုံဆရာများ၊ အနုပညာရှင်များ၏ ကိုယ်ပိုင်ဇာတ်လမ်းနှင့် သမိုင်းကို ထင်ဟပ်ထားသည့် အကြောင်းအရာများကို ဖော်ပြထားသည့် ဓာတ်ပုံစာအုပ်များကို ထည့်သွင်းပြသသွားမှာ ဖြစ်ပါသည်။ **စာမျက်နှာများပြပွဲ**တွင် အခြားစိတ်ဝင်စားဖွယ်ကောင်းသည့် အစီအစဉ်များဖြစ်သော ဓာတ်ပုံပြန်လည်ထိန်းသိမ်း ပြုပြင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ပြန်လည်ထိန်းသိမ်းပြုပြင်ထားသည့် ရုပ်ရှင်ဇာတ်ကားဟောင်း (၂)ကား ကိုလည်း ပြသပေးသွားမည် ဖြစ်ပါသည်။ ဤပွဲများအားလုံးကို Goethe-Institut မြန်မာ ပွဲခန်းမတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

RETHINK BEATO အနုပညာပြပွဲကို မြန်မာနိုင်ငံရှိ အီတလီသံရုံး၏ထောက်ပံ့မှုဖြင့် Turquoise Mountain နှင့် ပူးပေါင်း၍ စီစဉ်ကျင်းပခြင်းဖြစ်ပြီး၊ အီတလီနိုင်ငံဖွား ဓာတ်ပုံဆရာ Felice Beato ၏ ဘဝနှင့် လက်ရာများအကြောင်း ဖော်ထုတ်ပြသသွားမည် ဖြစ်ပါသည်။ Beato သည် ၁၈၈၇ မှ ၁၉၀၅ ခုနှစ်အထိ မန္တလေးမြို့၌ နေထိုင်ခဲ့သော ဓာတ်ပုံဆရာတစ်ဦးဖြစ်သည်။ နိုဝင်ဘာလ ၃၀ ရက်တွင် စတင်ပြသ၍ ဒီဇင်ဘာလ ၁၅ ရက်ထိ ဆက်လက်ပြသမည့် ဤပြပွဲသည် Beato ၏ မြန်မာနိုင်ငံတွင် ရိုက်ကူးခဲ့သည့် လက်ရာများနှင့်အတူ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ခရီးမီးယားနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ရိုက်ကူးခဲ့သည့် သူ၏ ဓာတ်ပုံအပေါ် ထားရှိသော ကြိုးစားအား ထုတ်မှုများကို ကြည့်ရှုလေ့လာနိုင်မည် ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေးသမိုင်းအရ မည်သို့အရေးပါထင်ရှားခဲ့သည်ကိုပါ ထင်ဟပ်ပြသပေးမည် ဖြစ်ပါသည်။

Vernacular Social Club မှ စီစဉ်တင်ဆက်ထားသည့် စစ်နှင့်ငြိမ်းချမ်းရေး ပြပွဲသည် သမားရိုးကျဓာတ်ပုံများမှ တစ်ဆင့် စစ်နှင့် ငြိမ်းချမ်းရေး အကြောင်းကို လေ့လာနိုင်သော အမြင်ပိုင်းဆိုင်ရာများရုပ်ပုံများကို စုဖွဲ့ထားသည့် ပြပွဲဖြစ်ပါသည်။

GOETHE INSTITUT
Sprache. Kultur. Deutschland.

MYANMAR PHOTO ARCHIVE

ဤပြပွဲကို ရန်ကုန်မြို့ထဲရှိ အမှတ်(၂၀၃) ဆိပ်ကမ်းသာလမ်းတွင် ဒီဇင်ဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၁၅ ရက်ထိ ပြသသွားမည်ဖြစ်သည်။ ဤပြပွဲတွင် Vernacular Social Club အသင်းဝင်များက စုဆောင်းထားသော ကမ္ဘာတစ်ဝှမ်းမှ စစ်ပွဲနှင့် ငြိမ်းချမ်းရေးကြားရှိ ပြိုင်ဆိုင်မှုများကို ထင်ဟပ်ပြသထားသည့် ဓာတ်ပုံများကို တွေ့မြင်ရမည်ဖြစ်ပါသည်။

၁၉၅၀ နှင့် ၁၉၇၀ ခုနှစ်များတွင် မြန်မာ့ရုပ်ရှင်လောကသည် အလားအလာရှိသည့် ရုပ်ရှင်ယဉ်ကျေးမှုကို ဖန်တီးနိုင်ခဲ့ခြင်းကြောင့် ဗမာဟောလိဝုဒ်ဟု ပြောစတမ်း တွင်ခဲ့သည့်တိုင် ရွှေခေတ်တစ်ခေတ်ဖြစ်ခဲ့ပါသည်။ ထိုကာလအတွင်း ရုပ်ရှင် စတူဒီယိုများစွာ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ရုပ်ရှင်ကားများစွာ ဖန်တီး ထုတ်လုပ်ခြင်းက ဒေသခံပရိတ်သတ်များကို ရင်သပ်ရှုမောစေခဲ့ပါသည်။ ရုပ်ရှင်သရုပ်ဆောင်များသည် နိုင်ငံ့၏ပြယုဂ်တစ်ခုဖြစ်လာခဲ့ပြီး ဘောလိဝုဒ်နှင့် ဟောလိဝုဒ်မှ လွှမ်းမိုးမှုများကြောင့် အချစ်ဇာတ်လမ်းများ၊ ဖော့ခ်လော (ရိုးရာပုံပြင်ဇာတ်ကြောင်း) စသည့် ရုပ်ရှင်ဇာတ်လမ်းအမျိုးအစားများကိုပါ ရိုက်ကူးဖန်တီးလာနိုင်ခဲ့ကြသည်။ ရုပ်ရှင်ဒါရိုက်တာ သုခ၊ သရုပ်ဆောင်များ ဖြစ်ကြသည့် ဝင်ဦးနှင့် ခင်ယုမေ တို့သည် ထင်ရှားကျော်ကြားပြီး လူအများမှ အသိအမှတ်ပြုခဲ့ကြပါသည်။ အခက်အခဲများ ရှိစေကာမူ မြန်မာ့ရုပ်ရှင်လောကသည် ၁၉၇၀ ခုနှစ်နောက်ပိုင်းများအထိ အရည်အသွေးကောင်းများဖြင့် ရပ်တည်နိုင်ခဲ့သော်လည်း စစ်အုပ်ချုပ်ရေးကာလ စတင်ခဲ့ချိန်မှစပြီး ဆင်ဆာ တင်းကျပ်လာမှုကြောင့် လွတ်လပ်စွာ ဖန်တီးမှုများ ဆုတ်ယုတ်လာခဲ့သည်။ ဤပြပွဲတွင် မြန်မာ့ရုပ်ရှင်များ၏ ရုပ်ရှင်ပိုစတာများနှင့် အမှတ်တရဖြစ်စေမည့် အမွေအနှစ်များကို ကြည့်ရှုခံစားနိုင်မည် ဖြစ်ပါသည်။ မြန်မာ့ဓာတ်ပုံမော်ကွန်းနှင့် အခြားမူပိုင်ရှင်များထံမှ စုဆောင်းထားသော အနုပညာဆန်သည့် ရုပ်ရှင်ပိုစတာများ၊ ကြော်ငြာများ၊ ပရိတ်သတ်အယ်လ်ဘမ်များကို လေ့လာနိုင်မှာဖြစ်ပါသည်။

ရန်ကုန်မြို့ထဲ အမှတ် ၂၄၃ ဘိုးအောင်ကျော်လမ်းတွင်လည်း မော်ကွန်းရှိ ဓာတ်ပုံများကို ပြန်လည်ဖန်တီးထားသည့် လက်ရာများကို ကြည့်ရှုခံစားနိုင်မည် ဖြစ်ပါသည်။ Goethe-Institut မြန်မာ နှင့် MPA တို့၏ အဆိုပြုလွှာဖိတ်ခေါ်ခြင်း အစီအစဉ်မှ အနုပညာလက်ရာများကို ကျူရေတာ အောင်မြတ်ဌေးမှ စီစဉ်ပြသထားခြင်းဖြစ်ပါသည်။ "ဝိဉာဉ်များနောက်ပြန်စီးဆင်းသောအခါ" ဟု အမည်ပေးထားသည့် ပြပွဲတွင် Han Reality၊ Moe Myat၊ May Thin Kyi (Video)၊ Kelvin Shine Ko၊ Kyaw Min Htet၊ Alco Htoo၊ Ko Sai နှင့် Ye Kyaw Aung တို့၏ လက်ရာများကို ပြသထားမည်ဖြစ်ပါသည်။


မြို့ထဲရှိ Café Deja Brew နှင့် လူအများလာရောက်လေ့ရှိသော Yangon Book Plaza တွင် မြန်မာ့ဓာတ်ပုံမော်ကွန်း မှ ဓာတ်ပုံများကို ပြသထားမည်ဖြစ်ပါသည်။

GOETHE INSTITUT

Sprache. Kultur. Deutschland.

MYANMAR PHOTO ARCHIVE

*Archives in Focus* ဆုံချက်မော်ကွန်းသည် အမျိုးမျိုးသောအမြင်ဆိုင်ရာ သမိုင်းကြောင်းများကို ရှုထောင့်ပေါင်းစုံမှ စူးစမ်းရှာဖွေခြင်းဖြစ်ပြီး အတိတ်နှင့်အနာဂတ်ကို နားလည်စေလိုသည့်ရလဒ်ကို ရည်ရွယ်သည့် အစီအစဉ်ဖြစ်ပါသည်။ အတူတကွ ဖြတ်သန်းခဲ့သည့်အတိတ်၏ နက်နဲသိမ်မွေ့သော ဇာတ်ကြောင်းများကို ဆန်းစစ်လေ့လာနိုင်ရန် ဖိတ်ခေါ်လိုက်ပါသည်။



© hanreality

**PROGRAM DETAILS**

**<u>Chiang Mai / Thailand:</u>**

**Title: CONTACT PRINTS - An exploration of Myanmar's photographic history**
**Location: SOME SPACE Gallery**
124/ 4-5 Sri Poom Rd, Si Phum, Mueang Chiang Mai District, Chiang Mai
Opening: Friday, 15th November 2024 (4:00 – 9:00 pm)
Duration: 15th - 27th November 2024

**Title: THINK AFTERNOON - An incubator for presenting Myanmar's visual history**
**Location: Greenhouse Community Space**
10 Siri Mangkalajarn Rd, Tambon Su Thep, Mueang Chiang Mai
Date: Saturday, 16th November 2024 (2:00 – 6:00 pm)

---

**<u>Yangon / Myanmar:</u>**

**Title: Page by Page**
**Location: Goethe-Insitut Myanmar/ *Archives in Focus* HQ**
Kabar Aye Pagoda Road, Bahan Township, (Next Corner of Nat Mauk Street), Yangon
Opening: Friday, 29th November 2024 (4:00 – 9:00 pm)
Duration: 29th November - 15th December 2024
Program: Head-Quarter of *Archives in Focus* with a display on MPA book production and a small summary of the exhibitions and events that have happened in the past.

- A workshop on Zine and bookmaking
- Movie nights by Save Myanmar Film on the 5th and 7th December 2024 at 6:00 pm.

**Title: RETHINK BEATO**
**Location: Turquoise Mountain**
47B Pho Sein Street, Yangon
Opening: Saturday, 30th November 2024 (4:00 – 8:00 pm)
Duration: 30th November - 15th December 2024
Program: RETHINK BEATO – An exhibition co-organized and funded by the Italian Embassy and the Myanmar Photo Archive provides an in-depth insight into the work of pioneering Italian photographer Felice Beato, who spent over a decade working in Mandalay at the turn of the last century.

**Title: War and Peace – the Vernacular Social Club**
**Location: Downtown Apartment Top Floor**
201/203 Seikkantha Street, Yangon
Opening: Sunday, 1st December 2024
Duration: 1st December - 15th December 2024
Program: A collection of amateur and vernacular photographs gathered by the members of the Vernacular Social Club.

**Title: Movie Mania**
**Location: Downtown Apartment Top Floor**
201/203 Seikkantha Street, Yangon
Opening: Sunday, 1st December 2024
Duration: 1st December - 15th December 2024
Program: This is dedicated to Myanmar's rich film culture. In this exhibition, they will present posters from their collection.

**Title: When Spirits Flow Backwards**
**Location: Downtown Apartment Top Floor**
243-245 Bo Aung Kyaw St, Yangon
Opening: Friday, 6th December 2024
Duration: 6th December – 22nd December 2024
Program: The work shown in "When Spirits Flow Backwards" is an extension of commissioned pieces from an open call by MPA and the Goethe-Institut Myanmar. Curator Aung Myat Htay presents the work of eight Myanmar artists in this immersive exhibition.

**Title: IT'S FASHION**
**Location: Yangon Book Plaza**
Lanmadaw St, Yangon
Duration: 29th November - 15th December 2024
Program: In one of Yangon's best book centers, the Myanmar Photo Archive will display a selection of fashion photographs from the 1950s until the 1990s.

**Title: A Cup of …**
**Location: Café Deja Brew**
No.134, 37th Middle Block, Between Maha Bandola & Anawratha Road, Yangon
Duration: 29th November - 15th December 2024
Program: An intimate display of social gatherings and time spend together photographed in the 1970s and 1980s.

###

**About Goethe-Institut**
The Goethe-Institut is the globally active cultural institute of the Federal Republic of Germany. With 151 institutes in 98 countries, it promotes knowledge of the German language, fosters international cultural cooperation, and conveys an up-to-date image of Germany. Through cooperation with partner institutions in numerous other locations, the Goethe-Institut has a total of around 1,000 contact points worldwide. www.goethe.de